**တက္ကသိုလ်ကောင်စီရုံး**
**နောက်ဆုံးနှစ် ဘွဲ့ယူကျမ်း ကြားနာစစ်ဆေးခြင်း လုပ်ငန်းစဉ်အတွက်**
**ချိတ်ဆက်ဆောင်ရွက်မှု လမ်းညွှန်**
**၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၇ ရက်**

✅ တက္ကသိုလ်ကောင်စီမှ ဆက်သွယ်ပေးသည့် Board of Examiners များဖြစ်ကြသည့် Supervisor၊ Co-supervisor နှင့် External Examiner များထံ ကျောင်းသားက Mail မှတဆင့် မိတ်ဆက်အကြောင်းကြားရပါမည်။

✅ ထို့နောက် ၎င်းတို့နှင့် ပုံမှန်ထိတွေ့ဆက်သွယ်နိုင်မည့် နည်းလမ်းကို ကျောင်းသားက မေးမြန်းရပါမည်။ ကောင်စီအနေဖြင့် ဘုတ်အဖွဲ့ဝင်များနှင့် ကျောင်းသားထံ အကြံပြုလိုသည်မှာ Telegram Application အသုံးပြုရန် ဖြစ်ပါသည်။ Telegram သည် မိမိ၏ Phone Number ဖော်ပြရန်မလိုဘဲ QR Code ရှိပါက ဆက်သွယ်၍ ရနိုင်သောကြောင့် ဖြစ်ပါသည်။ Telegram အသုံးပြုရာတွင်လည်း မိမိတို့၏ ဖုန်းနံပါတ်ကို Setting ထဲတွင် Hide ထားရပါမည်။ User Name ကိုလည်း အခြား Nickname သုံးသင့်ပါသည်။

✅ ဘုတ်အဖွဲ့ဝင်များနှင့် ကျောင်းသားများ အစည်းအဝေးပြုလုပ်ခြင်း၊ Defense နှင့် Seminar ထိုင်ခြင်းများကို Google Meet အသုံးပြု၍ ဆောင်ရွက်ပါရန် အကြံပြုလိုပါသည်။ Google Meet သည် End to End Encryption ဖြစ်ပြီး Meeting Link Share ရာတွင် မည်သူမည်ဝါဆိုသည် မပေါ်လွင်ပါ။ ထို့အပြင် မိနစ် ၆၀ အထိ အသုံးပြုနိုင်ပါသည်။ Zoom အသုံးပြု ဆောင်ရွက်လိုပါကလည်း အဆင်ပြေပါသည်။ သတိပြုရန်မှာ Zoom Meeting Link Share ပါက Invitation ပို့သူ၏ အမည်ကို Nickname ပေးရန် ဖြစ်ပါသည်။

✅ Seminar ပြုလုပ်ရန် ရက်ချိန်းဆိုခြင်းနှင့် လုပ်ငန်းအစီအစဉ်များကို ကောင်စီမှ ထုတ်ပြန်ပေးထားသည့် Final Year Policy အတိုင်း ဘုတ်အဖွဲ့ဝင်များက လမ်းညွှန်သတ်မှတ်ပေးပါလိမ့်မည်။ ဘုတ်အဖွဲ့ဝင်များ အားလုံး အဆင်ပြေသည့် နေ့ရက်နှင့် အချိန်တွင် ဆောင်ရွက်နိုင်ပါသည်။ ကောင်စီမှ သတ်မှတ်ပေးမည် မဟုတ်ပါ။ Meeting Link Share ခြင်းကို အဖွဲ့ဝင်များထဲမှ အဆင်ပြေသူက ဆောင်ရွက်ပေးနိုင်ပြီး ကျောင်းသားက ပင်တိုင် ဆောင်ရွက်ပေးနိုင်ပါကလည်း ပိုမိုအဆင်ပြေပါသည်။

✅ Defense or Seminar ပြီးဆုံးတိုင်း ကျောင်းသားအနေဖြင့် မိမိတင်သွင်းခဲ့သည့် Presentation File များနှင့် Documents များကို ကောင်စီ၏ Moodle Platform တွင် ဝင်ရောက် တင်သွင်းထားရပါမည်။ ကျောင်းသားအတွက် YTU Moodle Account သည် ကျောင်းသား၏ Mail အတွင်းသို့ မကြာမီ ရောက်ရှိလာပါလိမ့်မည်။

info.ytu-uc@proton.me

✅ Defense or Seminar ပြီးဆုံးတိုင်း ဘုတ်အဖွဲ့ဝင်များအနေဖြင့် Defense or Seminar ပြီးဆုံးကြောင်း အတည်ပြုစာကို Supervisor သို့မဟုတ် Co-supervisor မှ တာဝန်ယူကာ ကောင်စီ၏ Moodle Platform တွင် ဝင်ရောက် အတည်ပြုတင်သွင်းထားရပါမည်။ ဘုတ်အဖွဲ့ဝင်များ အတွက် YTU Moodle Account များသည် မိမိတို့၏ Mail အတွင်းသို့ မကြာမီ ရောက်ရှိလာပါလိမ့်မည်။

✅ Moodle Platform ကို မိတ်ဖက် ဥရောပတက္ကသိုလ်တခု၏ အကူညီဖြင့်ဆောင်ရွက်နေပြီး အသုံးပြုနည်း လမ်းညွှန်ကို မကြာမီ ထုတ်ပြန် ပေးပို့သွားပါမည်။ မိမိတို့ Board နှင့်သက်ဆိုင်သည့် Moodle Course အတွင်းသို့ ကောင်စီမှ ထည့်သွင်းပေးပါမည်။

✅ ကျမ်းကြားနာသည့် အချိန်ကာလ Semester ကို TU network ဘက်မှ ၃ လ သတ်မှတ်ထားပါသည်။ သို့သော် အခြေအနေအကြောင်းကြောင်းအရ ပြောင်းလဲမှုများရှိနိုင်သဖြင့် ကောင်စီအနေဖြင့် ယခုအသုတ်၏ လုပ်ငန်းများ အားလုံးကို ၂၀၂၃ ဒီဇင်ဘာလကုန်တွင် ကောင်စီထံ အပြီးအပြတ်တင်ပြနိုင်ပါရန် တိုက်တွန်းပါသည်။ ကျောင်းသား၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုနှင့် ဘုတ်အဖွဲ့ဝင်များ၏ ကြီးကြပ်ပေးနိုင်မှုအပေါ်မူတည်ကာ အချိန်ကာလ ဆောလျင်စွာ ပြီးဆုံးသွားနိုင်သည်လည်း ရှိနိုင်ပါသည်။

✅ မိမိတို့၏ သင်ကြားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ကောင်စီမှ ပေးပို့ထားသော Final Year Policy ကို ဘုတ်အဖွဲ့ဝင်များနှင့် ကျောင်းသားအနေဖြင့် မှီငြမ်းကြရန် လိုအပ်ပါသည်။ ကောင်စီမှ ပေးပို့ထားသည့် ကျောရိုးကို အမှီပြု၍ မိမိဌာန၏ သဘောဘာဝပေါ်မူတည်၍လည်းကောင်း၊ လက်ရှိကာလ၏ အခြေအနေပေါ်မူတည်၍လည်းကောင်း Rubrics ကို ဆောင်ရွက်နိုင်ပါသည်။ ကောင်စီအနေဖြင့် ဌာနအလိုက် Flexible and Adaptable ဖြစ်စေရေးအတွက် ပြုစုထုတ်ပြန်ပေးထားခြင်းဖြစ်ပါသည်။ ပြင်ဆင်ဖြည့်စွက်ချက် ရှိပါကလည်း ကောင်စီမှ အချိန်နှင့်တပြေးညီအကြောင်းကြားပါမည်။

✅ လုပ်ငန်းများအားလုံးပြီးစီးပါက Thesis နှင့် BoE Completion Report ကို ကောင်စီထံ info.ytu-uc@proton.me မှတဆင့် တင်သွင်းရပါမည်။ BoE Completion Report ကို Board of Examiners - Supervisor နှင့် Co-supervisor များက ဆောင်ရွက်ပေး ရမည်ဖြစ်ပါသည်။ အသေးစိတ်ကို Final Year Policy and Rubrics တွင် အသေးစိတ်ကြည့်ရှုပေးပါရန် မေတ္တာရပ်ခံပါသည်။

✅ ပါဝင်ပတ်သက်သူများ၏ လုံခြုံရေးအတွက် အစဉ်အမြဲသတိရှိကြရန်လိုအပ်ပါသည်။ အချိန်တိုင်း မိမိတို့၏ Code Name, Nickname များဖြင့်သာ ဆက်သွယ်ရပါမည်။ Seminar Presentation File များ၊ Thesis Report များ အားလုံးတွင် မိမိတို့၏ Code Number ကိုသာ အသုံးပြုရပါမည်။ မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းများကို အခြားမည်သူတဦးတယောက်ကိုမျှ အသိမပေးဘဲ သိုသိပ်စွာဆောင်ရွက်ရပါမည်။ လိုအပ်ချက်များနှင့် အခက်အခဲများရှိပါက ကောင်စီထံ အချိန်နှင့်တပြေးညီ ချိတ်ဆက်တင်ပြရန်လည်း ပန်ကြားအပ်ပါသည်။